# မြန်မာ နအဖ စစ်အစိုးရမှ ကျင်းပမည်ဆိုသော ၂၀၁၀ ရွေးကောက်ပွဲကို လက်မခံနိုင်ပါ

ဂျပန်နိုင်ငံရောက် မြန်မာ့ဒီမိုကရေစီ အင်အားစုတို့က လာမည့် နိုဝင်ဘာလ (၇)ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲများအား အောက်ဖော်ပြပါ အကြောင်းရင်းများကြောင့် လက်မခံနိုင်ပါ။

## လက်မခံနိုင်ရသည့် အကြောင်းရင်းများ

**အကြောင်းရင်း (၁)  ၂၀၁၀ ရွေးကောက်ပွဲ ကော်မရှင်နှင့် ရွေးကောက်ပွဲ ဥပဒေများနှင့် နည်းဥပဒေများ**

(က) လက်ရှိ အာဏာပိုင် နအဖက ၁၉၈၉ ခုနှစ်၌ ဖွဲ့စည်းခဲ့သော ရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်ကို ဖျက်သိမ်းကြောင်းနှင့် ရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်အသစ်ကို ဖွဲ့စည်းကြောင်း ၂၀၁၀ မတ်လ (၈) ရက်တွင် ကြေညာခဲ့သည်။ ဤသို့ လုပ်ဆောင်ခဲ့ခြင်းများအပေါ် အောက်ပါအကြောင်းအချက်များကြောင့် ၎င်းတို့စီစဉ်သော ၂၀၁၀ ရွေးကောက်ပွဲကို လက်ခံနိုင်စရာ မရှိပါ။

- ၁၉၈၉ ခုနှစ် ရွေးကောက်ပွဲကော်မရှင်မှ ကြီးကြပ်လုပ်ဆောင်သည့် ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲ ရလဒ်ကို အာဏာပိုင်တို့က မည်သို့မျှ အသိအမှတ်ပြုခြင်း မရှိပဲ၊ တဖန် ၁၉၈၉ ခုနှစ် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေအရ ဖွဲ့စည်းထားသော နိုင်ငံရေးပါတီများအား ကြိုတင်အကြောင်းကြား၊ တိုင်ပင်ဆွေးနွေးခြင်း မရှိပဲနှင့် ၁၉၈၉ ခုနှစ် အဆိုပါ ရွေးကောက်ပွဲကော်မရှင် ဖျက်သိမ်းလျက် တဖက်သပ်လုပ်ဆောင်ခြင်း။
- အသစ်ထပ်မံ ဖွဲ့စည်းသော ရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်တွင် ၎င်းတို့စိတ်တိုင်းကျသူများကိုသာ ရွေးချယ် ခန့်ထားခဲ့ခြင်း၊

(ခ) ထိုသို့ရွေးချယ် ခန့်ထားသူ နအဖမှာ လူ့အခွင့်အရေးများကို အကြီးအကျယ် ချိုးဖောက်နေသည်ဟု နိုင်ငံတကာ အသိုင်းအဝိုင်းမှ နှစ်စဉ်နှစ်တိုင်း မှတ်တမ်းတင်ခံနေရသည့် အာဏာပိုင် အဖွဲ့အစည်း ဖြစ်နေခြင်း၊ ပြည်တွင်းတွင်လည်း ၎င်းတို့၏ ထိုသို့ကျူးလွန်မှုများက သက်သေခံ အထောက်အထားများဖြင့် အထင်အရှား ရှိနေခြင်းတို့ကြောင့် ဒီမိုကရေစီ ရပိုင်ခွင့်များ အပြည့်အဝ ရရှိရေးတွင် ယုံကြည်စိတ်ချ အားကိုးရလောက်သော အခြေအနေတွင် မရှိသည့်အတွက် ၎င်းတို့စီစဉ်သော ၂၀၁၀ ရွေးကောက်ပွဲကို လက်မခံနိုင်စရာ ဖြစ်ရသည်။

(ဂ) ရွေးကောက်ပွဲ ဥပဒေများတွင် ချုပ်ချယ် တင်းကြပ်မှုများ၊ နိပ်ကွပ်မှုများ အစရှိသော ဒီမိုကရေစီ စံနှုန်းနှင့် မကိုက်ညီမှုများ အများအပြား ရှိနေသောကြောင့် ၎င်းတို့စီစဉ်သော ၂၀၁၀ ရွေးကောက်ပွဲကို လက်မခံနိုင်ပါ။

ဥပမာ(၁) - ရွေးကောက်ပွဲဥပဒေ အခန်း ၃ ပိုဒ်ခွဲ ၆ တွင် ဖော်ပြထားသောအချက် ဖြစ်သည့် အကျဉ်းကျနေသည့် ပုဂ္ဂိုလ်များအနေဖြင့် နိုင်ငံရေး ပါတီဝင် ဖြစ်ခွင့် မရှိ။

ဥပမာ(၂) - နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ၏ အခန်း (၂) ပုဒ်မ (၆-ဂ) အရ နိုင်ငံရေးပါတီအဖြစ် လျှောက်ထားမည့် ပါတီသည် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ထိန်းသိမ်းစောင့်ရှောက်မည် ဖြစ်ကြောင်း ဝန်ခံဖော်ပြရမည် ဖြစ်သည်။

(မြန်မာနိုင်ငံတွင် ဒီမိုကရေစီ ဖြစ်ထွန်းရေးအတွက် ပြည်သူလူထုအား ကိုယ်စားပြုရမည့် နိုင်ငံရေးပါတီများအနေဖြင့် လူထုဆန္ဒမပါဘဲ အဓမ္မအတည်ပြုထားသည့် အဆိုပါ ၂၀၀၈ နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းစောင့်ရှောက်ရန် ဝန်ခံချက်ပေးဖို့ မဖြစ်နိုင်ပါ။)

**အကြောင်းရင်း (၂)  တွေ့ဆုံဆွေးနွေးရေး**

အောက်ပါအချက်များကို ဖြေရှင်းနိုင်ရေးအတွက် မြန်မာ့နိုင်ငံရေးတွင် ပါဝင်သင့် ပါဝင်ထိုက်သည်ဟု အများက

ယုံကြည်ယူဆထားသူတို့က အဓိပ္ပာယ်ပြည့်ဝစွာဖြင့် တွေ့ဆုံဆွေးနွေးရမည် ဖြစ်သော်လည်း အဆိုပါ တွေ့ဆုံဆွေးနွေးရေးက ယနေ့တိုင် အကောင်အထည် ပေါ်မလာနိုင်သေးခြင်းသည်လည်း ၎င်းတို့စီစဉ်သော ၂၀၁၀ ရွေးကောက်ပွဲကို လက်မခံနိုင်စရာ အကြောင်းရင်းတချက် ဖြစ်သည်။

- အမျိုးသားပြန်လည်သင့်မြတ်ရေး၊
- ကုလသမဂ္ဂ အထွေထွေညီလာခံမှ အစဉ်တစိုက် တောင်းဆိုထားသော သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးရေးကို အကောင်အထည်ဖေါ်ရန်၊
- ၂၀၀၈ နိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေ၊
- ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲ ရလဒ်ကို လစ်လျူရှုထားသည့် အခြေအနေ၊
- တရားစီရင်ရေးမဏ္ဍိုင် ပျက်စီးပြီး တရားဥပဒေ စိုးမိုးမှု မရှိသည့် အခြေအနေ၊
- လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုရေးသားခွင့်၊ စည်းရုံး ဖွဲ့စည်း လှုပ်ရှားခွင့် စသည့် အခြေခံ ရပိုင်ခွင့်များကို ပြန်လည် တိုးတက်ကောင်းမွန်အောင် မလုပ်နိုင်သေးသည့် အခြေအနေ
- ၂၀၁၀ ရွေးကောက်ပွဲ ဥပဒေများ

## အကြောင်းရင်း (၃) နိုင်ငံရေး အကျဉ်းသမားများ မလွတ်မြောက်နိုင်သေးသည့် အခြေအနေ

မည်သည့် ရာဇဝတ်မှုကိုမျှ ကျူးလွန်ခြင်းမရှိပဲ နအဖ အာဏာပိုင်တို့၏ တဘက်သပ် စွပ်စွဲမှုများဖြင့်၎င်း၊ မမျှတသော တရားစီရင်မှုများဖြင့်၎င်း ဖမ်းဆီး ထိန်းသိမ်းခံနေရသော နိုင်ငံရေး အကျဉ်းသမားများ ၂၁၀၀ ကျော်ရှိနေရာ ထိုသူများ မပါဝင်ပဲ ရွေးကောက်ပွဲ ကျင်းပခြင်းသည် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ ဖြစ်သည်ဟု မည်သို့မျှ အသိအမှတ်မပြုနိုင်သောကြောင့် ၂၀၁၀ ရွေးကောက်ပွဲကို လက်မခံရခြင်း ဖြစ်သည်။

## အကြောင်းရင်း (၄) ရွေးကောက်ပွဲ ဝင်ပြိုင်မည့် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံမတင်ရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဆုံးဖြတ်ထားသည့် အခြေအနေ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှာ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲအပြတ်အသတ်ဖြင့် အနိုင်ရထားသည့် တရားဝင် နိုင်ငံရေးပါတီကြီး ဖြစ်သော်လည်း စစ်အာဏာပိုင်တို့၏ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲ ဥပဒေမှာ ဒီမိုကရေစီ စံနှုန်းများဖြင့် ကိုက်ညီခြင်း မရှိသည့် အချက် (အထက်ဖော်ပြပါ အကြောင်းရင်း ၁) သာမက အထက်ဖော်ပြပါ အကြောင်းရင်း (၂) နှင့် (၃) အရလည်း မည်သို့မျှ လက်ခံနိုင်ဖွယ်ရာ ရှိမနေသဖြင့် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခြင်း မပြုရန် တညီတညွတ်တည်း ဆုံးဖြတ်ထားသောကြောင့် ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲ ဥပဒေအရ ကျင်းပမည်ဆိုသော ရွေးကောက်ပွဲသို့ ဝင်ရောက် ယှဉ်ပြိုင်မည် မဟုတ်ပါ။ ထိုဆုံးဖြတ်ချက်အပြင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၏ ရွှေဂုံတိုင် ကြေညာစာတမ်းကို ထောက်ခံထားသူ ပြည်တွင်းပြည်ပမှ မြန်မာပြည်သူများ အနေဖြင့် ၂၀၁၀ ရွေးကောက်ပွဲကို လက်ခံနိုင်စရာ မရှိပါ။

မှတ်ချက်။ ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ရွှေဂုံတိုင်ကြေငြာစာတမ်းတွင် ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် အတွက် တောင်းဆိုထားသော အချက် ၄ ချက်

1. ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ ပြန်လည်သုံးသပ်ပြင်ဆင်ရန်၊
2. ၁၉၉၀ ရွေးကောက်ပွဲ ရလဒ်အား တနည်းနည်းဖြင့် အသိအမှတ်ပြုရန်၊
3. တွေ့ဆုံဆွေးနွေးရန်၊
4. နိုင်ငံရေး အကျဉ်းသားအားလုံး လွှတ်ပေးရန်၊

## အကြောင်းရင်း (၅) အခြေခံအားဖြင့် ရှိနေရမည့် အချက်များ ရှိမနေခြင်း

ဒီမိုကရေစီ အသွင်ပြောင်းလဲရေးအတွက် အခြေခံ နစ်ချက်ဖြစ်သည့် (၁) ပါတီစုံ ဒီမိုကရေစီစနစ်ကို အပြည့်အဝ အကောင်အထည် ဖော်ရေးနှင့် (၂) အများသဘောတူ ရွေးချယ်ထားသော စနစ်တကျ အစီအစဉ်တရပ် (သို့) စီမံကိန်းတရပ် ရှိနေရေးတွင် ထိုနစ်ချက်စလုံး ပြည့်စုံမှုမရှိပဲ နအဖ စိတ်တိုင်းကျ တဘက်သပ် ဖြစ်နေသရွေ့ မြန်မာနိုင်ငံတွင် နိုင်ငံရေးပြဿနာကြီးများ ဆက်လက် ရှိနေဦးမည်ဖြစ်သည်။

ပါတီစုံစနစ်ကို အပြည့်အဝ အမှန်အကန် အကောင်အထည်ဖော်ရေးတွင်

1. ၁၉၉၀ ရွေးကောက်ပွဲတွင် မဲအပြတ်အသတ်ဖြင့် အနိုင်ရထားသည့် တရားဝင် နိုင်ငံရေးပါတီကြီးဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် အခြား နိုင်ငံရေးပါတီများက လွတ်လပ်စွာ ပါဝင်ယှဉ်ပြိုင်နိုင်ခွင့် ရှိနေရပါမည်။

2. ဖမ်းဆီးထိန်းသိမ်းထားသော နိုင်ငံရေး အကျဉ်းသမားများမှာ ချွင်းချက်မရှိ လွတ်မြောက်ပြီး ရွေးကောက်ပွဲ ဝင်နိုင်ခွင့် ရှိနေရပါမည်။

အများသဘောတူ ရွေးချယ်ထားသော စနစ်တကျ အစီအစဉ်တရပ် (သို့) စီမံကိန်းတရပ် ရှိနေရေးတွင်

1. အများသဘောတူ ရေးဆွဲ အတည်ပြုထားသော နိုင်ငံဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေတရပ် ရှိနေရပါမည်။

2. ရွေးကောက်ပွဲကော်မရှင်သည်၎င်း၊ ရွေးကောက်ပွဲ ဥပဒေများသည်၎င်း အများသဘောတူ (သို့) နိုင်ငံတကာ ရွေးကောက်ပွဲ စံနှုန်းများအတိုင်း ဖြစ်နေရပါမည်။

မြန်မာနိုင်ငံတွင် ဒီမိုကရေစီသို့ အသွင်ပြောင်းရေးမှာ မုချ လုပ်ဆောင်ရမည့် နိုင်ငံရေး လုပ်ငန်းစဉ် ဖြစ်သည်။ မြန်မာ ပြည်သူများစွာက အသက်သွေးချွေးများစွန့်၍၎င်း၊ ဘဝပျက်ခံ၍၎င်း တောင်းဆိုထားသော နိုင်ငံရေးမျှော်မှန်းချက် ဖြစ်ရုံမက နိုင်ငံတကာ အသိုင်းအဝိုင်းကပါ လိုလားသည့်ကိစ္စလည်း ဖြစ်သည်။ ဤလုပ်ငန်းစဉ်သည် နိုင်ငံတကာမှ ယနေ့ လက်ခံကျင့်သုံးနေသော ဒီမိုကရေစီ စံနှုန်းများနှင့်အညီသာ ဖြစ်ရမည်။ ဒီမိုကရေစီ စံနှုန်းများနှင့် ကိုက်ညီသော နိုင်ငံရေး လုပ်ငန်းစဉ်တွင် အခြေခံအားဖြင့်

1. အများဆန္ဒကို ဦးစားပေးခြင်းနှင့်အတူ အနည်းစု၏ ဆန္ဒကိုပါ အလေးအနက်ထားခြင်း၊
2. တန်းတူညီမျှခြင်း၊
3. လူ့အခွင့်အရေး ရပိုင်ခွင့်များအပေါ် လွတ်လပ်စွာ ကျင့်သုံးနိုင်ခွင့် ရှိခြင်း၊
4. ပြည်သူတို့အား ကာကွယ်ပေးထားသော တရားစီရင်ရေးစနစ် - တနည်းအားဖြင့် တရားဥပဒေ စိုးမိုးမှု အမှန်တကယ် တည်ရှိခြင်း၊
5. သတင်းမီဒီယာ လွတ်လပ်ခွင့် ရှိခြင်း
6. လွတ်လပ်၍ ဘက်လိုက်ခြင်း မရှိသော ရွေးကောက်ပွဲ ကော်မရှင်တရပ် ရှိခြင်းတို့ ပါဝင်သည်။

ဒီမိုကရေစီသို့ အသွင်ပြောင်းသည့် နိုင်ငံရေး လုပ်ငန်းစဉ် ဖြစ်သောကြောင့် အခြေခံအားဖြင့်

1. နိုင်ငံရေးလုပ်ငန်းစဉ်တွင် ပါဝင်လိုသူ နိုင်ငံသား မည်သူမဆို လွတ်လပ်စွာ ပါဝင်ခွင့် ရှိရပါမည်။
2. မည်သည့် နိုင်ငံရေးပါတီမဆို လွတ်လပ်စွာ ဖွဲ့စည်းခွင့်၊ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်၊ ဝင်ရောက် မယှဉ်ပြိုင်ပဲ နေလိုက နေပိုင်ခွင့်တို့ ရှိရပါမည်။
3. ဖမ်းဆီးထိန်းသိမ်းခံနေရသူ နိုင်ငံရေး အကျဉ်းသမားများ မရှိအပ်ပဲ အကယ်၍ ရှိနေခဲ့လျှင် ထိုသူအားလုံးကို ချွင်းချက်မရှိ အနှောင်အဖွဲ့ ကင်းစွာဖြင့် လွတ်ငြိမ်းချမ်းသာခွင့် ပေးရပါမည်။
4. ခြိမ်းခြောက် အကြပ်ကိုင်မှု၊ အတင်းအကြပ် စေခိုင်းမှု အစရှိသည်တို့ ကင်းရှင်းလျက် လွတ်လပ်စွာ ရွေးချယ် မဲပေးနိုင်ခွင့် ရှိနေရပါမည်။
5. မဲပေးနိုင်ခွင့် ရှိသူများကို သတ်မှတ်ရာတွင် နိုင်ငံတကာ ရွေးကောက်ပွဲဆိုင်ရာ စံနှုန်း (သို့) ဒီမိုကရေစီ နိုင်ငံ

များ၏ ရွေးကောက်ပွဲဆိုင်ရာ စံနှုန်းများအတိုင်း ဖြစ်ရပါမည်။

6. မဲပေးနိုင်ခွင့် ရှိသူများသည် မဲမပေးပဲ နေလိုက နေနိုင်ခွင့် ရှိသည်။
7. နိုင်ငံရေးပါတီများ ဖွဲ့စည်းလှုပ်ရှားခွင့်သည် ဒီမိုကရေစီနိုင်ငံများမှ လက်ရှိ ကျင့်သုံးဆောင်ရွက်နေသော နိုင်ငံတကာ စံနှုန်းများအတိုင်းသာ ဖြစ်နေရပါမည်။
8. နိုင်ငံရေးပါတီများ၏ ဘုံရည်မှန်းချက်မှာ ပါလီမန်ဒီမိုကရေစီစနစ်ဖြင့် နိုင်ငံကို အုပ်ချုပ်ရန် ဖြစ်ပြီး ဒီမိုကရေစီကို အားပေးရန်နှင့် ထိန်းသိမ်းပေးရန် စီမံကိန်းများ ချမှတ်လုပ်ဆောင်နိုင်စွမ်း ရှိရပါမည်။
9. ရွေးကောက်ပွဲ ကော်မရှင်ကို အာဏာပိုင်တို့က ၎င်းတို့စိတ်ကြိုက်လူများဖြင့် တိုက်ရိုက် ခန့်ထားရန် မဟုတ်ပဲ ပြည်သူအများစုမှ ယုံကြည်ထောက်ခံသော ဥပဒေဆိုင်ရာ ပညာရှင်များနှင့် အများသူငါ ယုံကြည်အားကိုးထိုက်သော ကျွမ်းကျင်ပညာရှင်များဖြင့်သာ ဖွဲ့စည်းထားသည့် ကော်မရှင် (သို့မဟုတ်) နိုင်ငံတကာ၏ ကုလသမဂ္ဂ အသိအမှတ်ပြု ရွေးကောက်ပွဲဆိုင်ရာ စံနှုန်းများအတိုင်း (သို့) ဒီမိုကရေစီ နိုင်ငံများ၏ ရွေးကောက်ပွဲဆိုင်ရာ စံနှုန်းများအတိုင်း ဖြစ်ရပါမည်။
10. ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ဝင်တို့သည် အထူးသဖြင့် ဒီမိုကရေစီ နိုင်ငံများမှ ရွေးကောက်ပွဲ စည်းမျဉ်းများကို ကောင်းစွာ လေ့လာသိရှိထားသူများ ဖြစ်ပြီး နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီသည့် ရွေးကောက်ပွဲဆိုင်ရာ စည်းမျဉ်းများကို ရေးဆွဲနိုင်သူများ ဖြစ်ရပါမည်။
11. ရွေးကောက်ပွဲဆိုင်ရာ စည်းမျဉ်းများသည် နိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ညီညွတ်ရမည် ဖြစ်ရာ အခြေခံဥပဒေ ကိုယ်တိုင်က မြန်မာပြည်သူတို့၏ အကျိုးစီးပွားနှင့် ကိုက်ညီအောင် အရင်ပြင်ဆင်ပြီး ဖြစ်ရပါမည်။

လက်ရှိ အခြေအနေမှန်မှာ ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို စစ်အာဏာရှင်တို့က တဖက်သပ် စိတ်ကြိုက် ရေးဆွဲပြီး မသမာသော နည်းလမ်းများဖြင့် အဓမ္မ အတည်ပြု ပြဌာန်းခဲ့သည်။ အခြေခံဥပဒေမူကြမ်းအတွက် ပြည်လုံးကျွတ် မဲဆန္ဒခံယူပွဲ ကျင်းပချိန်မှာ ၂၀၀၈ ခုနှစ် မေလ (၂၄) ဖြစ်သည်။ လူပေါင်း ၁၃၄၀၀ ကျော် သေဆုံး-ပျောက်ဆုံး၍ ၂ သန်းကျော် အိုးအိမ်မဲ့နေခဲ့ရသော နာဂစ်မုန်တိုင်း တိုက်ခတ်ပြီး (၂၂) ရက်အကြာ တတိုင်းပြည်လုံး ကယ်ဆယ်ရေးလုပ်ငန်းများဖြင့် အလုပ်များနေချိန်တွင် အဆိုပါ မဲဆန္ဒခံယူပွဲကို လူသန်းပေါင်း များစွာက မဲပင် မထည့်လိုက်ရပဲ ကျင်းပသွားခြင်း ဖြစ်သည်။

ထိုအခြေခံဥပဒေမှာ မြန်မာပြည်သူတို့၏ အကျိုးစီးပွားကို အမှန်တကယ်တမ်း ဖြည့်ဆည်းပေးနိုင်ဖွယ်ရှိမည် မဟုတ်ပဲ စစ်အာဏာရှင် ခေါင်းဆောင်များ၏ ကိုယ်ကျိုးစီးပွားကို ကာကွယ်ထိန်းသိမ်းရန်အတွက်သာ ဖြစ်နေသည်ကို တွေ့ရသည်။ ထိုအခြေခံဥပဒေကို အတည်ပြုမည့် လွှတ်တော်များအတွက် ရွေးကောက်ပွဲများကို ပြုလုပ်ရန် လိုအပ်သော ၂၀၁၀ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများသည် တရားမျှတမှု မရှိသည့်အပြင် နိုင်ငံတကာ ရွေးကောက်ပွဲဆိုင်ရာ စံနှုန်းများဖြင့် ကိုက်ညီခြင်း မရှိသည်ကိုလည်း တွေ့ရသည်။

သို့ဖြစ်ရာ အထက်ဖော်ပြပါ အကြောင်းရင်းများကြောင့် ဂျပန်နိုင်ငံရောက် မြန်မာ့ဒီမိုကရေစီအင်အားစုများက မြန်မာ စစ်အာဏာပိုင် နအဖ၏ ၂၀၁၀ ရွေးကောက်ပွဲကို လက်မခံနိုင်ရခြင်း ဖြစ်သည်။

ဂျပန်နိုင်ငံရောက် မြန်မာ့ဒီမိုကရေစီအင်အားစုတွင် ပါဝင်သည့် အဖွဲ့အစည်းများ

၁-

၂-

၃-

၄-